## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စက်မှုအင်ဂျင်နီယာဌာန၊ အံ့ကြီးသင်္ဘောကျင်းတွင် အောင်ပင်လယ်(၄)ရေယာဉ် လွန်းတင်ပြင်ဆင်ခြင်း လုပ်ငန်းများအတွက် ပစ္စည်းနှင့် လုပ်အားခ ဆိုဈေးနှုန်းများတင်သွင်းရန် ဖိတ်ခေါ်ပါသည်။ အထက်ပါ လုပ်ငန်းအတွက်ပြုပြင်ပေးရမည့် လုပ်ငန်းများနှင့် အသုံးပြုရမည့်ပစ္စည်းများ၏ ခန့်မှန်းချေစာရင်းကို နောက်ဆက်တွဲ (က)ဖြင့် ဖော်ပြထားပါသည်။

၂။ လုပ်ငန်းရှင်များသည် ဖော်ပြပါလုပ်ငန်းကို စိတ်ဝင်စားပါက သတ်မှတ်ထားသည့်ပုံစံတွင် ပစ္စည်းနှင့် လုပ်အားခ ဆိုဈေးနှုန်းများကို တွက်ချက်ဖော်ပြ၍ ချိတ်ပိတ်တင်သွင်းနိုင်ပါသည်။

၃။ ဆိုဈေးနှုန်းတင်သွင်းရာတွင် ငွေကျပ် -၁၀၀,၀၀၀/- (ကျပ်တစ်သိန်းတိတိ) ကို တင်ဒါစပေါ်ငွေအဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စာရင်းဌာနသို့ ပေးသွင်းရမည်။ စပေါ်ငွေပေးသွင်းထားသည့် ငွေရပြေစာမိတ္တူ (သို့) ချလန်မိတ္တူအား တင်ဒါနှင့်အတူပူးတွဲတင်ပြရမည်။

၄။ ကန်ထရိုက်လုပ်ငန်းအတွက် ဆိုဈေးနှုန်းတင်သွင်းရာတွင် ပစ္စည်းနှင့် လုပ်အားခဆိုဈေးနှုန်းတင်သွင်းရမည့် ပုံစံများနှင့် တင်ဒါစည်းကမ်းချက်ပါ စာရွက်စာတမ်းများကို (၈ - ၃ - ၂၀၂၃)နေ့မှစ၍ (၉-၃-၂၀၂၃) နေ့ရက်အတွင်း (ရုံးဖွင့်ရက်) ရုံးချိန်များ၌ အပိုဒ် (၅) (က)ပါ လိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၅။ ဆိုဈေးနှုန်းတင်သွင်းမှုဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| (က) ဆိုဈေးနှုန်းတင်သွင်းရမည့် ရုံးလိပ်စာနှင့် | - အံ့ကြီးသင်္ဘောကျင်း၊ စက်မှုအင်ဂျင် နီယာဌာန<br>အံ့ကြီးအရှေ့ရပ်ကွက်၊ ဒလမြို့နယ်။<br>ဖုန်းနံပါတ်-၀၉ ၄၄၄၈၇၉၆၇၄/ ၀၉ ၂၅၂၆၆၉၅၄၂ |
| လိပ်မူရမည့်ပုဂ္ဂိုလ် | - ဥက္ကဋ္ဌ၊တင်ဒါစိစစ်ရေးကော်မတီ |
| (ခ) တင်သွင်းရမည့်နောက်ဆုံးရက်/အချိန် | - (၉-၃-၂၀၂၃) ရက် (၁၃ : ၀၀)နာရီ |
| (ဂ)ဆိုဈေးနှုန်းဖွင့်လှစ်မည့် နေ့ရက်/အချိန် | - (၉-၃-၂၀၂၃)ရက် (၁၃ : ၀၀)နာရီ |
| နေရာ | - အစည်းအဝေးခန်းမ (နိုင်/လူ/တိုး)<br>- မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ရုံးချုပ်)<br>- အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။ |

၆။ တင်ဒါစီစစ်ရေးကော်မတီသည် ဈေးနှုန်းအနည်းဆုံးတင်သွင်းသည့် ဈေးနှုန်းလွှာကိုဖြစ်စေ၊ မည်သည့် ဈေးနှုန်းလွှာကိုဖြစ်စေ လက်ခံခြင်းမပြုသင့်ဟုယူဆလျှင် ပယ်ဖျက်ခွင့်ရှိသည်။ မည်သည့်အတွက်ကြောင့် ပယ်ဖျက်ကြောင်းကို ရှင်းလင်းဖော်ပြရန်တာဝန်ယူမည်မဟုတ်ပါ။

၇။ အထက်ဖော်ပြပါလုပ်ငန်းနီှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ရုံးချိန်၌ သက်ဆိုင်ရာရုံးတွင် လာရောက်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**